မှန်ကုန်းကျေးရွာ

ကလေးဝမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း (၂၀၁၈-၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မှန်ကုန်းကျေးရွာ၊ ကလေးဝမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ ဇူလိုင်လ

မာတိကာ

မာတိကာ

စကားချီး

မှန်ကုန်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ကလေးဝမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

အပိုင်း(၁) – ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့်

ဖွံ့ဖြိုးရေးလုပ်ငန်းများ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

၅။ အခြေခံ အဆောက်အဦးနှင့် ဝန်ဆောင်မှုများ

၆။ ပညာရေး

၇။ ကျန်းမာရေး

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

၉။ ကျား – မ ရေးရာ

၁၀။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

ဇယား

နောက်ဆက်တွဲ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၂ ခုနှစ် အထိ (၅)နှစ် ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ မှန်ကုန်းကျေးရွာ ကျေးရွာသူ/သားများ ပါဝင်ရေးဆွဲ ထားသည့် ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေး ကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ကလေးဝမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို ယခင်ကာလများက စီစဉ် ချမှတ်ဆောင်ရွက်ခဲ့သော်လည်း လူထုအများဖြင့် စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများ နှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု ၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်း ကျင်သူအဖွဲ့(၁)ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်း အချက်အလက်တို့၏ အရေးပါမှုကို

သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်း ဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ် ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ် ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာ သည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင် ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန် လည်းလိုအပ်ပါသည်။


ဤ ဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင် ရန်အတွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက် ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက် နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထား ပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ဇူလိုင်၊ ၂၀၁၈ ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
မှန်ကုန်းကျေးရွာ၊ ကလေးဝမြို့နယ်

မှန်ကုန်းကျေးရွာ သယ်ဇာတပြမြေပုံ၊ ကလေးဝမြို့နယ်



ရည်ညွှန်း။ မှန်ကုန်းကျေးရွာ၊ သင်္ဂန်အုပ်စု၊ ကလေးဝမြို့နယ်တွင် ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ပူးပေါင်း ရေးဆွဲခြင်းမှ ရယူသည်။

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း – ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက် များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာ စီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက် လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်း ဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထား ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့ အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊

စာပေပညာရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူ အညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGOs)၊
အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက် ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက် အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော် တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်း များအနေဖြင့် ယုံကြည် ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုသလမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့ အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်း မွန်စေပြီး

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာ တွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံ ကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

မှန်ကုန်းကျေးရွာ

၁။တည်နေရာနှင့် ပထဝီဝင်အနေအထား

ကျေးရွာသည် ကလေးဝမြို့နယ်နှင့် (၁၄)မိုင်ခန့် ကွာဝေးသည့် ယုဇလယ်-ဆည်ကြီး ကား လမ်းဘေးတွင် တည်ရှိပါသည်။ ချင်းတွင်းမြစ်နှင့်အလှမ်းကွာဝေးပြီး မြစ်ကြောင်းလမ်းအသုံးပြုရန် ခက်ခဲပါ သည်။ ကျေးရွာ၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။

၂။ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျေးရွာတွင် သဲတစ်မျိုးထဲကိုသာ ရရှိနိုင်ပြီး အသုံးပြုနိုင်မှု ခက်ခဲပါသည်။ ကျေးရွာ၏ ပျမ်းမျှအပူချိန် ၃၀] ရှိပါသည်။ အခြားသော သဘာဝတွင်းထွက် သယံဇာတများ မထွက်ရှိပါ။ ဝံအူနှင့် မိဿလင်စသော ဆေးဖက်ဝင်အပင်များလည်း တွေ့ရှိရပြီး အသုံးပြုရန်လွယ်ကူပါသည်။ သဘာဝတိရစ္ဆာန် မျိုးစိတ်များ ရှားပါးသွားပြီဖြစ်ပါသည်။

၃။ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် လုံခြုံရေးနှင့်ကာကွယ်ရေး(၁)ဖွဲ့၊ ဘာသာရေးအဖွဲ့(၁)ဖွဲ့၊ ကျန်းမာရေးအဖွဲ့(၁) ဖွဲ့နှင့် လူမှုဖွံ့ဖြိုးရေးအဖွဲ့အစည်း(၃)ဖွဲ့တို့ ရှိကြပါသည်။ ကျန်းမာရေးအဖွဲ့အစည်းဖြစ်သော MCC ဌက်ဖျား တိုက်ဖျက်ရေးအဖွဲ့သည် ကျေးရွာမှလိုအပ်သည့် ဆေးဝါးများကူညီထောက်ပံ့ပေးပြီး အဖွဲ့အစည်း၏ စွမ်း ဆောင်ရည် ကောင်းမွန်ပါသည်။ ကျေးရွာတွင် အလယ်အလတ်စားတောင်သူ(၁၀.၄၈%)၊ တောင်သူငယ် (၂၉.၀၃%)၊ ဆင်းရဲသားတောင်သူ(၃၇.၉၀%)နှင့် မြေယာမဲ့အိမ်ထောင်စု(၂၂.၅၉%) အိမ်ထောင်စုတို့ ရှိကြ သည်။

၄။စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

ကျေးရွာ၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး မြေယာ ပိုင်ဆိုင်မှုမှာ (၄၃၂.၅)ဧက ရှိပါသည်။ မြေဆီလွှာအရည်အသွေး အသင့်အတင့်ကောင်းမွန်ပြီး စိုက်ပျိုးမြေ များအတွက် ချောင်းရေနှင့်မိုးရေကိုသာ အသုံးပြုရပါသည်။ ကျေးရွာတွင် မြေပဲ၊ နှမ်းနှင့်မိုးစပါးသီးနှံတို့ကို လည်း စိုက်ပျိုးကြပြီး အကျိုးအမြတ်ရရှိမှုနည်းပါသည်။ နွား(၂၅၇)ကောင်၊ ကျွဲ(၂၄၆)ကောင်၊ ဝက်(၇၈) ကောင်နှင့် ကြက်(၅၅၆)ကောင်တို့ကိုလည်း တပိုင်တနိုင်မွေးမြူထားရှိပါသည်။ ကျေးရွာတွင် စိုက်ပျိုး မွေးမြူရေးမဟုတ်သော ရောင်းဝယ်ရေး(၁)ဦး၊ လွှက်ရည်ဆိုင်(၁)ဦး၊ ပညာရေးဝန်ထမ်း(၂)ဦးနှင့် ကျပန်း လုပ်ကိုင်သူ အိမ်ထောင်စု(၁၉)အိမ်ထောင်စုတို့ရှိပြီး ရပ်တည်နိုင်မှုနိမ့်ပါသည်။

ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု(၆)စု၊ အလယ်အလတ်ရှိသော အိမ်ထောင်စု(၆၂)စု၊ မပြေလည်သော အိမ်ထောင်စု(၄၂)စုနှင့် အလွန်မပြေလည်သော အိမ်ထောင်စု(၁၄) အိမ်ထောင်စုတို့ နေထိုင်ကြပါသည်။

၅။ အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာတွင် လိုအပ်သော အိမ်သုံးပစ္စည်းများအား (၂)မိုင်ခွဲခန့်ဝေးသော မြို့မကျေးရွာတွင် ရရှိနိုင်ပြီး (၁၄)မိုင်ခန့်ဝေးသော ကလေးဝမြို့တွင်လည်း မီးဖိုချောင်သုံးပစ္စည်း၊ အိမ်သုံးပစ္စည်း၊ ပရိဘောဂ ပစ္စည်းနှင့် အဝတ်အထည်ပစ္စည်းများ သွားရောက်ဝယ်ယူကြပါသည်။ ကျေးရွာ၏ ရွာတွင်းလမ်းမှာ မြေသား လမ်းဖြစ်ပြီး ပေ(၅၃၀၀)ရှိပါသည်။ မိုးရာသီတွင် သွားလာရာ မလွယ်ကူပါ။ ရွာချင်းဆက်လမ်းမှာ ကျောက် ခင်းလမ်းဖြစ်ပြီး တစ်နှစ်ပတ်လုံးအသုံးပြုရန် အသင့်အတင့်ကောင်းပါသည်။ ကျေးရွာမှ ကမ်းနားသို့ရောက် ရှိရန် (၅)မိုင်ခန့်လောက်ကွာဝေးပြီး ယုဇလယ်-ဆည်ကြီးလမ်း ဖောက်လုပ်ပြီးချိန်မှစ၍ မြစ်ကြောင်းလမ်း အသုံးပြုမှု နည်းပါးသွားကြောင်းတွေ့ရှိရပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများအတွက် နွားလှည်း(၅၈)စီး ပိုင်ဆိုင်မှုရှိပြီး ကလေးဝမြို့သို့ ဈေးသွားရောက်ဝယ်ယူရန်နှင့်တစ်ရွာမှတစ်ရွာသို့ သွားလာရန် ဆိုင်ကယ်

(၆၉)စီး ပိုင်ဆိုင်ကြပါသည်။ ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းမှ လျှပ်စစ်မီးရရှိသောကြောင့် လျှပ်စစ်မီး အသုံးမပြုနိုင်သော အိမ်ထောင်စုများမတွေ့ရပါ။ ဆိုလာစနစ်ကို အိမ်ထောင်စု အနည်းငယ်သော အသုံးပြု ကြပါသည်။ ကျေးရွာတွင် Ooredoo၊ Mpt ဖုန်းလိုင်းများ ရရှိ၍ ဆက်သွယ်ရေး အခြေအနေ ကောင်းမွန် ပါသည်။

၆။ ပညာရေး

ကျေးရွာတွင် စာသင်ဆောင်(၂)ဆောင်ရှိပြီး စတုရန်းပေ(၂၁၀၀)ရှိသော သစ်သားကျောင်း ဆောင်(၁)ဆောင်နှင့် စတုရန်းပေ(၂၄၀၀)ရှိသော အုတ်ကာ၊ အင်္ကတေခင်း၊ သွပ်မိုးဆောင်(၁)ဆောင်တို့ရှိပါ သည်။ ကျေးရွာ၏ စာသင်ကျောင်းသည် မူလွန်ကျောင်းဖြစ်ပြီး ကျောင်းတွင် ပညာသင်ကြားနေသော ကျောင်းသူ၊ကျောင်းသားဦးရေမှာ (၁၁၈)ဦးရှိပါသည်။

ပညာသင်ကြားပေးနေသော ဆရာ(၁)ဦးနှင့် ဆရာမ (၆)ဦးတို့လည်းရှိကြပါသည်။ ကျေးရွာတွင် ကျောင်းသား(၁)ဦးနှင့် ကျောင်းသူ(၁)ဦးတို့သည်လည်း တက္ကသိုလ် ပညာသင်ကြားနေကြပြီး ပညာမသင်ယူနိုင်သော လူဦးရေ(၂၂)ဦးရှိပါသည်။

၇။ကျန်းမာရေး

ကျေးရွာတွင် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို (၁)မိုင်ကွာဝေးသည့် အိုင်ဘီလူး ကျေးရွာသို့ သွားရောက်ကုသရပြီး အစားအစာပြည့်ဝမှုရှိကြသည်။ ပိုလီယိုရောဂါကာကွယ်ဆေး၊ ကိုယ်ဝန် ဆောင်ကာလအတွင်း မေးခိုင်ရောဂါကာကွယ်ဆေးများအား အိုင်ဘီလူးကျေးရွာသို့ သွားရောက်ထိုးနှံခြင်း များရှိပြီး ဝမ်းပျက်ဝမ်းလျောရောဂါ၊ ဆီးချိုရောဂါနှင့်သွေးတိုးရောဂါများ ဖြစ်ပွားမှုနိမ့်သည်။ ကျေးရွာတွင် ရေတွင်း(၁)တွင်းနှင့် အဝီစိတုံကင်တွင်း(၃)တွင်းရှိပြီး သောက်သုံးရန် မကောင်းပါသဖြင့် တစ်ရွာလုံးမှ အိမ် ထောင်စုများသည် ချောင်းရေကိုသာ အဓိကထားအသုံးပြုကြသည်။ ကျေးရွာမှ အိမ်သာမရှိသူ(၂)ဦးသည် နီးစပ်သောအိမ်တွင် ပေါင်းစပ်အသုံးပြုကြပြီး ကျန်သော အိမ်ထောင်စုများသည် သန့်ရှင်းသော ယင်လုံ အိမ်သာနှင့် ရေလောင်းအိမ်သာ(၂)မျိုးကိုသာ အသုံးပြုကြသည်။

၈။ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် လယ်ယာမြေများအတွက် မိုးရေနှင့်ချောင်းရေကိုသာ အဓိကထား အသုံးပြုရ သဖြင့် မိုးနည်းလျှင် စိုက်ပျိုးရေရှားပါးပြီး သစ်ခုတ်ခြင်းများရှိ၍ သစ်တောပြုန်းတီးမှုများ ရှိနိုင်ပါသည်။ မြစ် နှင့်အလှမ်းဝေး၍ ရေကြီးခြင်းမှ လွတ်ကင်းပြီး ပိုးသတ်ဆေးနှင့်ဓါတုမြေဩဇာသုံးစွဲမှုများခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်ပါသည်။

၉။ကျား-မရေးရာ

ကျေးရွာတွင် ကျား(၃၁၀)ဦး၊ မ(၃၁၃)ဦး ပေါင်း(၆၂၃)ဦးရှိပြီး တစ်အိမ်ထောင်စုရှိ ပျမ်းမျှ လူဦးရေ(၅.၀)ဦးနှုန်းရှိပါသည်။ ကျေးရွာတွင် ဗမာလူမျိုးများသာ အများစုနေထိုင်ကြပြီး ချင်းလူမျိုးအိမ် ထောင်စု(၁)စုတို့ နေထိုင်ကြပါသည်။ ကျေးရွာတွင် နေထိုင်ကြသော အမျိုးသား၊

အမျိုးသမီးများသည် သာ ရေး၊ နာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများ တက်ကြွစွာ ပါဝင်လုပ်ကိုင်ဆောင်ရွက်ကြပါသည်။

နှစ်အလိုက်စီမံချက်လုပ်ငန်းများ

မှန်ကုန်းကျေးရွာ၊ သင်္ဂန်အုပ်စု၊ ကလေးဝမြို့နယ်

စဉ်	စီမံချက်လုပ်ငန်းအမည်	ဦးစားပေးအဆင့်	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂
၁	ကျေးရွာတွင်းဂျင်းလမ်းခင်းခြင်း	၁	၁	၂	၃	၄	၅
၂	သောက်သုံးရေရရှိရန်	၂					
၃	ကျေးလက်ကျန်းမာရေးဆေးပေးခန်းရရှိရန်	၃	-	-	-	-	-
၄	ချောင်းကူးတံတားတည်ဆောက်ရန်	၄	-	-	-	-	-
၅	စာကြည့်တိုက်ဆောက်လုပ်ရန်	၅	-	-	-	-	-

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

ရပ်မိရပ်ဖအဖွဲ့

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းမျော	အဟန့်အတားနှင့်စိန်ေ၇မှု	ဖြေရှင်းမည်နည်းလမ်းမျော	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ

၁	ကျန်းမာရေး အတွက် ခက်ခဲခြင်း	ကျန်းမာရေး ဆေးပေးခန်း လိုအပ်ခြင်း	-	မြေနေရာလိုအပ်ခြင်း	ကျန်းမာရေးဦးစီးဌာနမှ ကူညီဆောင်ရွက်ပေးရန်	ကျေးလက်ကျန်းမာ ရေးဆေးပေးခန်း ရရှိရန်

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

လယ်သမားအဖွဲ့

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းမျိုး	အဟန့်အတားနှင့်စိန်ခေါ်မှု	ဖြေရှင်းမည်နည်းလမ်းမျိုး	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	ရွာတွင်းလမ်းသွားလာရခက်ခဲ ခြင်း	မိုးရာသီတွင် လမ်းများ ချောက်စားခြင်း	လုပ်အားပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ခြင်း၊ သဲ ရရှိနိုင်ခြင်း	ကုန်ကြမ်းရှားပါးခြင်း	လမ်းဦးစီးဌာနမှ ကူညီ ဆောင်ရွက်ပေးရန်	ကျေးရွာတွင်းလမ်း အား ကျင်းလမ်းခင်း ရန်။

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

အမျိုးသမီးအဖွဲ့

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းမျး	အဟန့်အတားနှင့်စိန်ေ၇ါမှု	ဖြေရှင်းမည်နည်းလမ်းမျး	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	ကျောင်းအသွား အပြန်ခက်ခဲခြင်း	ချောင်းကူးတံတားလိုအပ် ခြင်း	သစ်၊ ဝါး ပေါများခြင်း	ငွေကြေးမစိုက်ထုတ်နိုင်ခြင်း	ကျေးလက်လမ်းဦးစီးမှကူညီဆောင်ရွက်ပေးရန်	ရွာဦးချောင်းကူးတံတားတည်ဆောက်ရန်။

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

စိုက်ပျိုးမွေးမြူရေးမဟုတ်သောအဖွဲ့

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းမျော	အဟန့်အတားနှင့်စိန်ေ၀ါမှု	ဖြေရှင်းမည်နည်းလမ်းမျော	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	သောက်သုံးရေရှားပါးခြင်း	နွေရာသီတွင်ချောင်းရေနည်း ခြင်း၊ တုံကင်တွင်းများမှရေ၀ါခြင်း	-	တုံကင်ရေတွင်းအားလုံးရေ၀ါများသာထွက်ခြင်း	ကျေးလက်ဦးစီးဌာနနှင့်ရွာသူ/သားများပူးပေါင်းပါ၀င်ဆောင်ရွက်ခြင်း	သောက်သုံးရေရရှိရန်။

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

လူငယ်အဖွဲ့

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းမျာ	အဟန့်အတားနှင့်စိန်ေ၀ါမှု	ဖြေရှင်းမည်နည်းလမ်းမျာ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	အသိပညာနည်း ပါးခြင်း	ဗဟုသုတနည်းပါးခြင်း	ဗဟုသုတလေ့လာဆည်းပူးလိုစိတ်ရှိခြင်း	မြေနေရာမရှိခြင်း	ပြန်/ဆက်ဦးစီးဌာနမှ ကူညီဆောင်ရွက်ပေးရန်။	စာကြည့်တိုက်ဆောက်လုပ်ရန်။

ဦးစားပေးစီမံချက်များ

ကဏ္ဍ	စီမံချက်	ရမှတ်ပေါင်း	ဦးစားပေးအဆင့်	အကောင်အထည်ဖော်မည့် နည်းဗျူဟာလုပ်ငန်းစဉ်များ	မှတ်ချက်
အခြေခံအဆောက်အဦး	ကျေးရွာတွင်းဂျင်းလမ်းခင်းခြင်း	၇၀	၁	ကျေးရွာတွင်းဂျင်းလမ်းခင်းခြင်း(ပေ ၅၂၀၀)	ကျေးလက် ဦးစီး
အခြေခံအဆောက်အဦး	သောက်သုံးရေရရှိရန်	၅၆	၂	သောက်သုံးရေရရှိရန်။	။
ကျန်းမာရေး	ကျေးလက်ကျန်းမာရေးဆေးပေးခန်းရရှိရန်	၄၇	၃	ကျေးလက်ကျန်းမာရေးဆေးပေးခန်းဆောက် လုပ်ခြင်း	။
အခြေခံအဆောက်အဦး	တံတားတည်ဆောက်ရန်	၂၅	၄	ချောင်းကူးတံတားဆောက်လုပ်ခြင်း	-
အခြေခံအဆောက်အဦး	စာကြည့်တိုက်ဆောက်လုပ်ရန်	၁၉	၅	ကျေးရွာစာကြည့်တိုက်ဆောက်လုပ်ခြင်း	။

ရည်ညွှန်း - ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ။